# ထန်းလေးပင်ကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ထန်းလေးပင်ကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၁ |
| စကားချီး | | ၆ |
| ထန်းလေးပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၇ |
| ထန်းလေးပင်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၈ |
| ထန်းလေးပင်ကျေးရွာ အဖွဲ့အစည်းပြမြေပုံ | | ၉ |
| **အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | | **၁၀** |
| (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၁၀ |
| (က) | ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၀ |
| (ခ) | စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၀–၁၁ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | | ၁၂ |
| (က) | တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၂ |
| (ခ) | သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | | ၁၂–၁၃ |
| (က) | လူဦးရေဆိုင်ရာ အချက်လက်များ | ၁၃ |
| (ခ) | စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၃ |
| (ဂ) | ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၃ |
| (ဃ) | ကျန်းမာရေးနှင့် အာဟာရ | ၁၄ |
| (င) | ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၃–၁၄ |
| (စ) | ကျားမဆိုင်ရာဆက်နွယ်မှု | ၁၄ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | | ၁၄ |
| (က) | ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၄ |
| (ခ) | သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၄–၁၅ |
| (ဂ) | စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၅ |
| (ဃ) | ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု | ၁၅–၁၆ |
| (င) | ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၆ |
| (စ) | ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၆–၁၇ |
| (ဆ) | လူငယ်နှင့် ယဉ်ကျေးမှု | ၁၇ |
| (ဇ) | အခြေခံအဆောက်အဦများအားလက်လှမ်းမီမှုလမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၁၈ |
| (ဈ) | တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၈ |

(၅) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈-၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၈-၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀-၂၁
(၈) စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမကိန်းအုပ်စုသတ်မှတ်ခြင်း ၂၁-၂၂
(ဂ) ဦးစားပေး စီမံချက်များ ၂၂-၂၃
(ဃ) အကောင်အထည်ဖော်ရမည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၂၄-၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၆
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၆
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၆-၂၇
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၇
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇-၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၈
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၈
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၉
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၃၀
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၃၁-၃၄
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား၃၄-၃၅
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၅-၃၆
ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၃၆

| | | | |
|---|---|---|---|
| ဇယား | ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၃၇ |
| ဇယား | ၇ | ချေးငှားခြင်းမရှိပဲတနေလျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ | ၃၈ |
| ဇယား | ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၃၉ |
| ဇယား | ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ | ၃၉-၄၀ |
| ဇယား | ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၀-၄၁ |
| ဇယား | ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၄၂-၄၄ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၄၅ |
| ဇယား | ၁၃ | ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၄၆ |
| ဇယား | ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၄၆-၄၇ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၄၈ |
| ဇယား | ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၄၈-၄၉ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၄၉ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ | ၅၀-၅၁ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၁-၅၂ |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၂-၅၃ |
| ဇယား | ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၄-၅၅ |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၅၅-၅၆ |
| ဇယား | ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ<br>နှင့်အခက်အခဲများ | ၅၆-၅၇ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၅၈ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၅၈-၅၉ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၅၉ |
| ဇယား | ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၆၀ |
| ဇယား | ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၆၁-၆၂ |
| ဇယား | ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့<br>အကျင့်နှင့်အခက်အခဲများ | ၆၃ |
| ဇယား | ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၆၃ |
| ဇယား | ၃၁ | ကျောင်းတတ်နှုန်း | ၆၄ |
| ဇယား | ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၆၄-၆၅ |
| ဇယား | ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၆၅ |
| ဇယား | ၃၄ | အဖြစ်များသောရောဂါများ | ၆၆ |
| ဇယား | ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၆၆-၆၇ |
| ဇယား | ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၆၇-၆၈ |
| ဇယား | ၃၇ | သောက်သုံးရေရရှိမှု | ၆၈-၆၉ |

| | | | |
|---|---|---|---|
| ဇယား | ၃၈ | အိမ်သာအမျိုးအစား | ၇၀ |
| ဇယား | ၃၉ | ကျား/မ ရေးရာ | ၇၀-၇၁ |
| ဇယား | ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၇၁ |
| ဇယား | ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၇၂ |
| ဇယား | ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၇၃ |
| ဇယား | ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၃ |
| ဇယား | ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၇၄ |
| ဇယား | ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၇၄-၇၅ |
| ဇယား | ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၇၅ |
| ဇယား | ၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများလက်လှမ်းမီမှု | ၇၆ |
| ဇယား | ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၇၆ |
| ကိုးကားစာရင်း | | | ၇၇ |

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၃ ခုနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ထန်းလေးပင် ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်းလေးပင်ကျေးရွာ
ဟသ်ာတမြို့နယ်

# မရိုးဘောင်ကျေးရွာအုပ်စု၊ ထန်းလေးပင်ကျေးရွာ၊ သယံဇာတပြမြေပုံ



## ထန်းလေးပင်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကြဲ | ဓါတ်မြေဩဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ဈေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ထန်းလေးပင်ကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူ ရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှု များကိုသိရှိ စေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် နိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူ အညီများကို အခြေ ခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော

အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ထန်းလေးပင်ကျေးရွာသည် အရှေ့ဘက်ကိုမျက်နှာမူ၍ တောင်ဘက်နှင့် မြောက်ဘက် ရှည်လျားပါသည်။ထန်းလေးပင်ကျေးရွာ၏ တောင်ဘက်ခြမ်းတွင် ယုန်သလင်းတိုက်နယ်ရှိပြီး မိုင်အကွာအဝေးမှာ (၃)မိုင် ခန့်ကွာဝေးပါသည်။ အရှေ့ဘက်တွင် နိဗ္ဗာန်တိုက်နယ်ရှိ၍ မိုင်ပေါင်း(၃)မိုင်ခွဲခန့်ရှိပါသည်။ မြောက်ဘက်တွင် အင်္ဂပိုကျေးရွာရှိပါသည်။ ရွာလည်ရှိတံတားမှ သွားလာကြသောရွာများမှာ အင်းကြီး၊ သရက်ကုန်း၊ အင်းဝင်းကျေးရွာများမှ သွားလာကြပါသည်။ ထန်းလေးပင်ကျေးရွာသည် ကုန်းတွင်းပိုင်းဒေသတွင် တည်ရှိပါသည်။

ထန်းလေးပင်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်သောကျေးရွာဖြစ်သည်။နွေရာသီစိုက်ပျိုးချိန်တွင် အဝီစီတွင်းမှ အသုံးပြုပြီး သောက်သုံးရေအတွက် ရေတွင်းများနှင့် အဝီစိတွင်းများမှ ရရှိပါသည်။ သောက်ရေအတွက် အားဖြင့်သောက်ရေသန့်မရရှိပေ။ သံဓါတ် Arsenic မလွတ်သော ရေများကိုသာ ရေစစ်၍သောက်သုံးရပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ထန်းလေးပင်ကျေးရွာတွင် သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း သဘာဝဆေးဘက်ဝင် အပင်များဖြစ်သည့် ဘုန်မသိမ်း၊ လောက်သေ၊ သက်ရင်းကြီး ၊ ဆင်တုံးမနွယ်၊ ကြိတ်မှန်၊ ရဲယို၊ သဘော်ရွက်၊ ဘုမ္မရာဇာအမြစ်၊ လိပ်စဝေရွက်စသည်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သည့်ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ထန်းလေးပင်ကျေးရွာတွင် အိမ်ထောင်စု(၂၁၈)စုရှိပြီး ကျား(၄၅၀)ဦး၊ မ(၄၇၁)ဦး လူဦးရေ စုစု ပေါင်း(၉၂၁)ဦးရှိပါသည်။ ပျှမ်းမျှ တစ်အိမ်ထောင်တွင် (၄.၃၄)ဦးနှုန်းရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှ တစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ အသက် (၁၅)နှစ် မှ

(၆၅)နှစ်အထိ အလုပ်လုပ် နိုင်သောလူဦးရေမှာ (၇၀%)ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့်(၆၀)နှင့် အထက် လူဦးရေစုစုပေါင်း (၃၀%)သည်မှီခိုသူများဖြစ်ကြသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၃၈%) နီးပါး မှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၆.၉%)စုရှိပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၁%)စု၊ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ(၂၃%)စုရှိကြပါသည်။ အဆင် ပြေသော အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် လယ်(၁၀) ဧက အထက်ပိုင်ဆိုင်ကြ ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ အိမ်အသင့်အတင့် ပိုင်ဆိုင်မှုရှိပြီး လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိကာ စီးပွားရေး အသင့်အတင့်ကောင်းမွန်သော အိမ်ထောင်စုများ ဖြစ်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအနေပိုင်ဆိုင်မှုမရှိခြင်း ၊လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်ခြင်း ၊ အချို့အိမ်ထောင်စုတွင် လယ်မြေပိုင်ဆိုင်မှုမရှိသောကြောင့် ကျပန်းလုပ်ကိုင်ကြရသည်။

ထန်းလေးပင်ကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ကြသည်။ စပါးနှင့်ကလောပီနံကို မိုးရာသီတွင် စိုက်ပျိုးကြပြီး မတ်ပဲကို ဆောင်းရာသီတွင် စိုက်ပျိုးကြရပါသည်။ ကွမ်းကို နွေ၊မိုး၊ဆောင်း သုံးရာသီလုံး စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ကြက်၊ ဘဲ၊ မြင်းများ မွေးမြူကြသော်လည်း ဝက်၊ကြက်၊ဘဲများကို စီးပွားဖြစ် မွေးမြူခြင်း မရှိပေ။ စိုက်ပျိုးရေးမလုပ်သော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင် အရောင်းအဝယ် နှင့် ကျပန်း/ ဘောက်လုပ်ကိုင် ဆောင်ရွက်ကြသည်။ တက္ကသိုလ် ဘွဲ့ရများရှိသောကြောင့် အစိုးရဌာနများတွင် တက်ရောက် အမှုထမ်းနေသော အစိုးရ ဝန်ထမ်းများလည်း ရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ဝမ်းစာဖူလုံမှု ကိန်းဂဏန်းအချက်အလက်များကောက်ယူထား ခြင်း မရှိပါ။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာလူထုအတွင်း၌ စိုးရိမ်ရသော အဖျားအနာရောဂါများ မတွေ့ရပါ။ ဒေသထွက် ရာသီပေါ်အသီးအနှံများ၊ တပိုင်တနိုင် မွေးမြူရေးမှရရှိသော ဒေသထွက်ကုန်များဖြင့် ကျေးရွာတွင်းရှိ ရွာသူ/သားများမှာ အဟာရသင့်တင့် မျှတမှုရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင်ရှိရွာသူ/ရွာသားများ၏ အတန်းပညာပြီးမြောက်မှုနှင့် တက်မြောက်မှု အခြေအနေမှာ စာမတတ်သူအလွန်နည်းပါးပြီး မူလတန်း အဆင့်ရှိသူဦးရေ (၅၀၆)ဦး(၅၅%) အလယ်တန်းအဆင့်ရှိသူဦးရေ ၁၁၇(၁၃%)၊ အထက်တန်းအဆင့်ရှိသူဦးရေ ၈၃(၉%)၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ဦးရေမှာ ၅၆(၆%) တို့

ရှိပြီး ကျေးရွာတွင်ပညာ တတ်ဦးရေနည်းပါးနေကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိက ထားလုပ်ကိုင်ကြသောကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာများတွင် ပိုမို၍ ကျွမ်းကျင်ကြပါသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ထန်းလေးပင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုးသမီးများမှာ အမျိုးသားများထက် ပိုများပါသည်။စပါးကြဲချိန်တွင် အမျိုးသား တစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့် ရရှိကြသည်။ ကွမ်းခူးချိန်တွင် အမျိုးသမီး (၁)ဦးလျှင် (၄၀၀၀)ကျပ်ခန့်ရရှိပါသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ တစ်နေ့လျှင် လုပ်အား ခ ကျား(၅၀၀၀)ကျပ်၊ မ(၄၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်ကြသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု တိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး စည်းလုံးညီညွတ်စွာ နေထိုင်သော ကျေးရွာ တစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ထန်းလေးပင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ထန်းလေးပင်ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ပရိတ်အသင်း၊ လမ်းကော်မတီအဖွဲ့၊ အားကစားကော်မတီအဖွဲ့များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

**(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ**

ထန်းလေးပင်ကျေးရွာရှိ လယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတစ်ရာသီတွင်သာ စိုက်ဧက( ၇၈၇.၂၀ )ခန့် စိုက်ပျိုးကြပါသည်။

မိုးစပါးစိုက်ခင်းအားလုံးသည် မျိုးစေ့ကြဲစနစ်ကို ကျင့်သုံးကြပါသည်။ စိုက်ပျိုးရေး ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြုပြင်စရိတ်နှင့် စိုက်ပျိုးရေးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော် ဓါတ်မြေသြဇာများနှင့်ရိတ်သိမ်းစရိတ်တို့အတွက် ပြည်ပလုပ်ငန်းရှင်များနှင့် ဓါတ်မြေသြဇာအရောင်းဆိုင်တို့မှ အတိုးနှုန်း(၃)ကျပ်မှ(၅)ကျပ် အလွတ်ချေးငွေများအတွက် အတိုးနှုန်း(၆)ကျပ်အထိ လိုအပ်သောချေးငွေများ ချေးယူရပါသည်။ လယ်သမားများသည် မတ်ပဲစျေးကွက်မကောင်းသဖြင့် နွေစပါးများ ၊ပြောင်းများကို အစားထိုးစိုက်ပျိုး၍ စိုက်သီးနှံအတွက် ရေပြဿနာများ ရင်ဆိုင်ကြရပါသည်။ စိုက်ပျိုးရေး အတွက် အားထားရသော ချောင်း၊မြောင်းများ ခမ်းခြောက်လာခြင်းကြောင့် လယ် သမား များ ရေကိုလုံလောက်စွာ မရရှိပေ။ လယ်အတွင်း အဝီစိတွင်းများ တူးဖော်၍ ရေကို စုပ်ယူရပါသည်။ ကွမ်းစိုက်ပျိုးခြင်းကို ကျေးရွာအတွင်းရှိ အိမ်ထောင်စု (၄၀) ကျော် စိုက်ပျိုးကြပါသည်။ရောဂါကင်းလွတ်သောကွမ်းခြံများတွင်တိုင်(၁၀၀၀)လျှင် တစ်လ ဝင်ငွေ တစ်သိန်းကျပ်ခန့် ရရှိသဖြင့် ဆင်းရဲသောတောင်သူများအတွက် အားထား စိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများ ဆုံးရှုံးနိုင်ပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာဖြစ်သည့်အတွက် ကြက်၊ ဝက်၊ဘဲ များကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းများအား ရေပေါ်ရေလျှံသာလုပ်ကိုင်ကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အလုပ်လုပ် ကိုင်နိုင်သူလူငယ်များအတွက် လုပ်ငန်းအခွင့်အလမ်း ပိုမိုကောင်းမွန်ရေး အတွက် ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။ လက်ရှိတွင် အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ စျေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ လက်သမားပန်းရံ၊ ကလောခင်းအငှားမြက်ရှင်း၊ ဆိုင်ကယ်ကယ်ရီ၊ အစိုးရဝန်ထမ်းလုပ်ငန်း တို့ဖြစ်ကြသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာ ကောင်းတစ်ရပ် ဖြစ်သည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်း တွင်လည်း အနည်းငယ်နိမ့်ကျကြပြီးကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် ရရှိမှု အားနည်းပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ထန်းလေးပင်ကျေးရွာသည် စိုက်ပျိုးရေး၌ သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတ်မြေသြဇာ၊ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာကြသောကြောင့် စိုက်ပျိုးမြေများမှ မြေဆီမြေသြဇာများ ခမ်းခြောက်

လာပြီး မြေဆီလွှာများ ပျက်ဆီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာ ပျက်ဆီး လာသောကြောင့် သဘာဝအပင်မျိုးစေ့များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါများ ကာကွယ်ထိန်းချုပ်မှုအားနည်းသောကြောင့် ဖျက်ပိုးများ ကျရောက်မှု ရှိနေပါသည်။ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်း မရှိပါ ။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေးရန် အရင်းအမြစ်များဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင်(၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ(၁၅၀၀၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈၀)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်သည်။လယ်သမားများ အနေဖြင့်လုံလောက်သောချေးငွေ မရရှိသဖြင့် လုံလောက်သော ချေးငွေ မရရှိသဖြင့် အပြင် လုပ်ငန်း ရှင်များထံမှငွေတိုးချေးယူသုံးစွဲရပါသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။ ချေးငွေအတိုးနှုန်း များသည့်အတွက် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည်အနည်းဆုံး(၃)နှစ် ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင် မည်ဖြစ်ပေသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ထန်းလေးပင်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်မှာ (၉၀'× ၃၀'×၁၂ ၁/၂') ရှိသော တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အရည်သွေး ကောင်းမွန် မှုရှိပါသည်။ ကျောင်းတွင်အစိုးရခန့် ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ ကျောင်းဆရာ (၁)ဦး ၊ ကျောင်းဆရာမ(၅) ဦး စုစုပေါင်း(၇)ဦးရှိကာ ကျောင်းသားနှင့်ဆရာ/ဆရာမအင်အား အချိုးညီမျှမှုလည်းရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများကောင်းမွန်ပြည့်စုံမှု ရှိပြီး ကျောင်းအိမ်သာများ လိုအပ်နေပါသေးသည်။ ကျောင်းသားဦးရေ (၁၈၃)ယောက်ရှိပြီး မူလွန်အတွက် စာသင်ကျောင်းကို ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပြီး သင်ကြားပေးနေပါသည်။ မူလွန်အဆင့်ဖြစ်သည့်အတွက် ကလေးအားကစားကွင်းလည်း လိုအပ်နေပါသည်။ ကျောင်းတက်နေသော ကလေးများအတွက် သောက်ရေသုံးရေအခက်အခဲရှိသောကြောင့် ကျောင်းသား/ ကျောင်းသူများအတွက် အိုဇာဝိတ်ရေကန်တစ်လုံးရှိသောကြောင့်တစ်နှစ်ပတ်လုံးသောက်ရေဖူလုံနိုင်ပါသည်။ ကျေးရွာရှိ မူလွန်ကျောင်းတွင် တတ်ရောက်ပြီးသော်လည်း ကျေးရွာပတ်ဝန်းကျင်ရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူကြရသောကြောင့် ကျောင်းသား/

ကျောင်းသူများ အောင်ချက်မြင့်မားလာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်လေ့ရှိသော ရောဂါများ ကင်းဝေးကြရသည်။ သာမာန်အဖျားများအတွက် ကျေးရွာရှိ ဆေးဆိုင်များတွင် ရောင်းချသောဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးရွားသော ရောဂါများနှင့် မတော်တဆဖြစ်ပွားမှုများအတွက် ကျေးရွာနှင့် (၁၅)မိုင် ကွာဝေးသောဟသ်ာတမြို့သို့ သွားရောက် ကုသကြရပါသည်။ ထိုသို့ သွားရောက်ကုသကြရာတွင်လည်း မိုးတွင်းအခါ လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် သွားလာရန်အခက်အခဲများရှိပါသည်။ အရေးပေါ်လူနာများရှိပါက ဆေးရုံသို့ သွားရောက်သောအခါ လမ်းခရီးတွင် ကြန့်ကြာမှုရှိသဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်လာပါကလည်း ကျန်းမာရေးအတွက်သာမက ကုန်စည် စီးဆင်းမှုပိုမို မြန်ဆန်လာမည်ဖြစ်ပြီး စီးပွားရေး အခွင့်လမ်းကောင်းများ ပွင့်လင်းလာမည်ဖြစ်ပါသည်။

ထန်းလေးပင်ကျေးရွာတွင် သောက်ရေအတွက် ဘုန်းတော်ကြီးကျောင်းရှိ ရေတွင်း(၁)တွင်းသာသင့်တော်ပြီး ရွာအလယ်တွင်ရှိပါသည်။ရွာမြောက်ပိုင်း/တောင်ပိုင်းရှိရွာသားများသည် အနည်းငယ်လှမ်းသဖြင့် လူတိုင်းသွားရောက်မခပ်နိုင်ပါ။

မိမိတို့အိမ်ရှိ အဝီစိတွင်းများသည် သောက်ရေအတွက်မကောင်းမွန်သောကြောင့် ရေကိုစစ်ပြီး သောက်ရေအတွက် အသုံးပြုနေရပါသည်။ သောက်ရေအတွက်ရေလုံလောက်မှုရှိသော်လည်း သံဓါတ်မလွတ်သော ရေများသာသောက်သုံးနေရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှကျေးရွာ၏ သာရေးနာရေးဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ယခင်ကတည်းကဖွဲ့စည်းခဲ့သောဝတ်ရွတ်အသင်းအား ယနေ့အချိန်ထိ ကျေးရွာလူငယ်များမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။လူငယ်များအတွက် ဘောလုံးအားကစားကွင်း တစ်ကွင်းရှိပါသည်။ သို့သော် အခြားကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများမရှိခြင်းအတွက် ကိုယ်ကာယသန်မာမှုအတွက် အားကစား ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ လူငယ်များမှ ကျေးရွာ၏သာရေးနာရေး လုပ်ငန်းများတွင် အားတက်သရော လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။ကျေးရွာမှ လူကြီးများ၏လက်တွဲခေါ်ယူမှုကလည်းလိုအပ်နေပါသည်။လူငယ်အဖွဲ့ဖွဲ့စည်းရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အဆိုပြုကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦး/ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ထန်းလေးပင်ကျေးရွာလမ်းသည် (၂၀၁၀-၂၀၁၁)ခုနှစ်တွင် ယုန်သလင်း ထန်းလေးပင်လမ်းကို ကျောက်ခင်းခဲ့ပြီး (၂၀၁၃-၂၀၁၄)တွင် (၄)ပေ အကျယ်ထု(၄)လက်မ အရှည်(၃)မိုင်တစ်ဖာလုံ ကွန်ကရစ်လမ်းကို ကျေးရွာကိုယ်ထူကိုယ်ထအားဖြင့်ခင်းခဲ့ပါသည်။ ထန်းလေးပင်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေး ကဏ္ဍအလိုက် ကုန်းလမ်းတစ်ခုထဲကိုသာ ရာသီအလိုက် အသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်း သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော ယာဉ်များမှာ စက်ဘီး (၁၂၈)စီး ဆိုင်ကယ်(၁၃၉)စီး ထော်လာဂျီ(၁၀)စီး ၊ကား(၃)စီးနွားလှည်း (၂)စီးရှိပါသည်။စက်ဘီး၊ဆိုင်ကယ်၊ ထော်လာဂျီများ ကားစသည့်ယာဉ်များကို ပွင့်လင်းရာသီ၌ အဆင်ပြေရာ သုံးစွဲနိုင်သော်လည်း ထော်လာဂျီ၊ ကား၊နွား၊နွားလှည်းများကို မိုးရာသီတွင် အသုံးပြု၍မရပေ။

ကျေးရွာမီးအလင်းရောင်အတွက် ယခင်ကဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သာသုံးစွဲနေရပြီး ယခုအခါ ဆိုလာမီးကို မိမိအစီအစဉ်ဖြစ်သာ ဝယ်ယူသုံးစွဲနေရပါသည်။

ကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် ဂြိုလ်တုစလောင်းများမှ ဖမ်းယူကြည့် ကြည့်ရှုနိုင်ပါသည်။ အင်တာနက်လိုင်းကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ဖုန်း၊ စလောင်း၊ရေဒီယိုတို့ကို အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီရယူနိုင်ပါသည်။ဆက်သွယ်ရေးကောင်းမွန်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ထန်းလေးပင်ကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားမရှိပါ။ဘုန်းတော်ကြီးများ၏ဆုံးမမှု၊လူကြီး သူမများ၏ ကြီးကြပ်မှုဖြင့်အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုခင်းဖြစ်ပွားခြင်းမရှိပါ။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာ ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာ လူငယ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ထန်းလေးပင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ စုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၄၅%)ရှိပါသည်။ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။လူကြီး၊လူငယ်လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင် ကြသော

အလေ့အထကောင်းများကလည်း အနာဂတ် ကာလများအတွက် အားရဖွယ်ရာ ပင်ဖြစ်သည်။

ထန်းလေးပင်ကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကို အခြေခံပြီး စီးပွားရေး လုပ်ကိုင်ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ် သီးနှံ စိုက်ပျိုးခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း လမ်းပန်း ဆက်သွယ် ရေး မကောင်းမွန်သောကြောင့် သွားလာ ဆက်သွယ်ရေးခက်ခဲပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

**(၁) စိုက်ပျိုးရေး**

ထန်းလေးပင်ကျေးရွာတွင် ကွမ်းပင်စိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။

**(၂) မွေးမြူရေးနှင့်ရေလုပ်ငန်း**

ထန်းလေးပင်ကျေးရွာတွင် ကြက်၊ဝက်၊ဘဲ၊ဆိတ်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး ရေလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။

**(၃) ပညာရေး**

ထန်းလေးပင်ကျေးရွာ၏ အရှေ့ဘက်တွင် အထက်တန်းကျောင်း(ခွဲ)၊ အနောက်ဘက်တွင် မူလတန်းကျောင်းတို့ရှိပြီး သွားလာရေးအဆင်ပြေကာ ပညာရေးနှင့်ပတ်သက်၍ အစစ အရာရာ အဆင်ပြေပါသည်။

**(၄) ကျန်းမာရေး**

ထန်းလေးပင်ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဟသ်ာတပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ယုန်တလင်းဆေးရုံသို့လည်းကောင်း သွားရောက်ကုသနိုင်ပါသည်။ကျေးရွာ၌ ကိုယ်ထူကိုယ်ထ ဆေးပေးခန်းရှိပြီး ကျန်းမာရေးဝန်ထမ်းမရှိသောကြောင့် အနည်းငယ် အခက်အခဲ ရှိပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျွန်ုပ်တို့ ထန်းလေးပင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင် အထည်ဖော်ရေးစီမံကိန်းများ ရေးဆွဲထားပါသည်။

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်း ချက်များကိုလည်း (၂၀၁၈ မှ ၂၀၂၃ )၅ နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁)ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်း ကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်း များကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာ လူထု လုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာ ဆက်သွယ်ရေးလမ်းများကိုသက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်းပြီးပြုပြင်ဆောင်ရွက်သွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် ထန်းလေးပင်ကျေးရွာ၏ လိုအပ်ချက်များ

အား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါသည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက် လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြ ထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## မရိုးသောင်အုပ်စု၊ထန်းလေးပင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁။ | လမ်းတံတား | ပို့ဆောင်ရေးအခြေခံအဆောက်အအုံ များတိုးတက်လာစေရန် | ၉၀ | ၁ |
| ၂။ | ရေပေးရေး | သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၈၅ | ၂ |
| ၃။ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာဗဟုသုတ များရရှိရေး | ၈၃ | ၃ |
| ၄။ | ချေးငွေ | သင့်တင့်သောချေးပေးနိုင်မည့်အဖွဲ့ များနှင့်ချိတ်ဆက်ပေးခြင်း | ၈၀ | ၄ |
| ၅။ | လျှပ်စစ်မီးရရှိရေး | လျှပ်စစ်မီးရရှိရေးချိတ်ဆက်ဆောင်ရွက် ရန် | ၇၇ | ၅ |
| ၆။ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်စွမ်းဆောင်ရည်မြှင့်တင်ပေးရန် | ၇၅ | ၆ |
| ၇။ | ပညာရေး | ကျေးရွာပညာတတ်မြောက်ရေး | ၇၀ | ၇ |
| ၈။ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်များကစားကွင်းရရှိရေး | ၂၀ | ၈ |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင် လည်း ထည့်သွင်း ပေးမည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | ပို့ဆောင်ရေးအခြေခံအဆောက်အအုံ များတိုးတက်လာစေရန် | ၁ | ✔ | ✔ | ✔ | | |
| ၂။ | သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၂ | | ✔ | ✔ | | |
| ၃။ | စိုက်ပျိုးရေးနည်းပညာဗဟုသုတ များရရှိရေး | ၃ | | ✔ | ✔ | ✔ | ✔ |
| ၄။ | သင့်တင့်သောချေးပေးနိုင်မည့်အဖွဲ့ များနှင့်ချိတ်ဆက်ပေးခြင်း | ၄ | | | | ✔ | ✔ |
| ၅။ | လျှပစစ်မီးရရှိရေးချိတ်ဆက်ဆောင်ရွက် ရန် | ၅ | | | ✔ | | |
| ၆။ | လူငယ်စွမ်းဆောင်ရည်မြှင့်တင်ပေး ရန် | ၆ | | | | ✔ | ✔ |
| ၇။ | ကျေးရွာပညာတတ်မြောက်ရေး | ၇ | | | | ✔ | ✔ |
| ၈။ | လူငယ်များကစားကွင်းရရှိရေး | ၈ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား ၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှု ဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ပို့ဆောင်ရေးအခြေခံအဆောက်အအုံများတိုးတက်လာစေရန် | | | ✔ | | |
| ၂။ | သန့်ရှင်းသောသောက်သုံးရေရရှိရေး | | | ✔ | | |
| ၃။ | စိုက်ပျိုးရေးနည်းပညာဗဟုသုတများရရှိရေး | | | | ✔ | |
| ၄။ | သင့်တင့်သောချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း | | | ✔ | | |
| ၅။ | လျှပစစ်မီးရရှိရေးချိတ်ဆက်ဆောင်ရွက်ရန် | | | ✔ | | |
| ၆။ | လူငယ်စွမ်းဆောင်ရည်မြှင့်တင်ပေးရန် | | | ✔ | | |
| ၇။ | ကျေးရွာပညာတတ်မြောက်ရေး | | | ✔ | | |
| ၈။ | လူငယ်များကစားကွင်းရရှိရေး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိက ယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

